**ဖြစ်စဉ်နမူနာ**

ဖြစ်စဉ်တွင် ဘဏ်(၁) ဘဏ်မှ သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ပေးပို့လာသော ချစ်မျိုးဦးနှင့် သက်နိုင်စိုးတို့သည် ထွန်းသက်ဝေ၏ မှတ်ပုံတင်အမှတ်များအားပြုပြင်၍ အဆိုပါဘဏ် (×××××× ဘဏ်ခွဲ) တွင် ဘဏ်ငွေစာရင်း(၃)ခု၊ စွမ်းရည်ထက်မှ ၎င်း၏မှတ်ပုံတင်အမှတ်အား ပြုပြင်၍ ငွေစာရင်း(၁)ခု ဖွင့်လှစ်ထားပြီး ၎င်းငွေစာရင်းများအား ချစ်မျိုးဦး၊ သက်နိုင်စိုးနှင့် စွမ်းရည်ထက်တို့(၃)ဦးမှ လွှဲပြောင်းဆောင်ရွက်ခဲ့သဖြင့် ဘဏ်မှ ၎င်းတို့နှင့်ပတ်သက်၍ စိစစ်ခဲ့ပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက်အဖြစ် ပေးပို့ခဲ့ကြောင်း၊

ထွန်းသက်ဝေအမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၈/ရစက (နိုင်) ××××××၊ ၈/ရစက (နိုင်) ××××××၊ ၈/ရစက (နိုင်) ×××××× များဖြင့် အထက်ပါဘဏ်တွင် ငွေစာရင်းများ ဖွင့်လှစ်ခဲ့သူ၏ အမည်ရင်းအမှန်မှာ ချစ်မျိုးဦး၊ ၈/မမန (နိုင်) ×××××× ဖြစ်ပြီး စွမ်းရည်ထက်သည် ၎င်း၏နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၂/သဃက (နိုင်) ×××××× အမှန်ဖြင့် အထက်ပါဘဏ်တွင် ငွေစာရင်း(၁)ခု၊ ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရှိ နံပါတ်(၁)အား (၃)ဟုပြင်ဆင်၍ ၁၂/သဃက (နိုင်) ×××××× ဖြင့် ငွေစာရင်း (၁) ခု ဖွင့်လှစ်ခဲ့ကြောင်း၊

ထွန်းသက်ဝေအမည်ဖြင့် အသုံးပြုထားသော နိုင်ငံသားစိစစ်ရေးကတ် (၃)ကတ်တွင် ၈/ရစက (နိုင်) ×××××× သည် ချမ်းပြည့်ကျော် (ဘ) ဦး×××၊ ၈/ရစက(နိုင်) ×××××× သည် ဟိန်းမင်းခန့် (ဘ) ဦး×× ဖြစ်ပြီး ၈/ရစက (နိုင်) ×××××× သည် စိုးမိုးကျော် (ဘ) ဦး×× တို့၏ ကိုင်ဆောင်လက်မှတ်များဖြစ်၍ မှန်ကန်မှုမရှိကြောင်း၊

စွမ်းရည်ထက်အမည်ဖြင့် အသုံးပြုထားသော နိုင်ငံသားစိစစ်ရေးကတ် (၂) ကတ်တွင် ၁၂/သဃက (နိုင်) ×××××× သည် စွမ်းရည်ထက် (ဘ) ဦး×××၊ မွေးသက္ကရာဇ် ၁၀-၅-၂၀၀၅ ၏ ကိုင်ဆောင်လက်မှတ် အမှတ်ဖြစ်၍ မှန်ကန်မှုရှိပြီး ကျန်နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၂/သဃက (နိုင်) ×××××× သည် သဃ်န်းကျွန်းမြို့နယ်ရုံး၏ အသုံးပြုပြီး အမြင့်ဆုံးနံပါတ်ထက် ကျော်လွန်နေသော နံပါတ်ဖြစ်၍ မှန်ကန်မှုမရှိကြောင်း။